# သူ့ဝယ်ပုံက

ကျွန်ုပ်၏ယောက္ခမ အဘိုးကြီးသည် အိမ်နောက်ဖေးမြံ့မြေကို အုတ်ခဲများဖြင့် ပြုပြင်မြေဖို့ရန် ဆုံးဖြတ်ပြီးနောက် အုတ်အရောင်းဆိုင်သို့ ထွက်လာခဲ့သည်။ အဘိုးကြီးက အုတ်ဈေးကို မေးမြန်းရာ အရောင်းစာရေးက အုတ်ခဲအရေအတွက် များများယူလေ ဈေးနှုန်းလျှော့ပေးလေ ဖြစ်ကြောင်း ပြန်ဖြေပါသည်။





ထိုအခါ အဘိုးကြီးက…

"ဟာ… ဒီလိုဆို တယ်နိပ်ပါလား၊ ကဲ… ကဲ… ငါ့ထရပ်ကားပေါ်ကို အုတ်ခဲတွေတင်ပေးပေးတော့၊ ဘယ်လောက်တင်ပေးရမလဲဆိုရင် လျှော့လျှော့သွားမယ့် အုတ်ခဲဈေးနှုန်း နောက်ထပ် လျှော့စရာမကျန်တော့တဲ့အထိ၊ အိုကွာ…အုတ်ခဲအလကားရတဲ့အထိ ဆက်သာတင်ပေတော့"

ဟူ၍ ဝမ်းသာအားရ ပြောလိုက်လေ၏။

♥ ♥ ♥